# ကယားပြည်နယ်၊ ပြည်နယ်အဆင့် ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ငါးနှစ်စီမံကိန်း လုပ်ငန်းစဉ်ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲ အခမ်းအနား တွင် ကယားပြည်နယ် အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို မြွက်ကြားမည့် မိန့်ခွန်း

ရက်စွဲ။ ၂၈-၁၁-၂၀၁၉

၁။ ယနေ့ကျင်းပပြုလုပ်တဲ့အလုပ်ရုံဆွေးနွေးပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ပြည်နယ် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒု-ဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်/ခရိုင်/မြို့နယ် အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပြည်တွင်း/ပြည်ပလူမှုရေးအဖွဲ့အစည်းများနဲ့ တက်ရောက်လာကြသူအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

၂။ ယနေ့ကျင်းပပြုလုပ်တဲ့ အလုပ်ရုံဆွေးနွေးပွဲဟာဆိုရင် ပြည်နယ်အဆင့် ကဏ္ဍပေါင်းစုံ ပါဝင်သော အမျိုးသားအာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ငါးနှစ်စီမံကိန်း လုပ်ငန်းစဉ်ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲ ဖြစ်ပါတယ်။ ၂၀၁၇ခုနှစ် ဇန်နဝါရီလ(၂၅)ရက်နေ့မှာ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့တွင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်မှ ဦးဆောင်ကျင်းပခဲ့တဲ့ အမျိုးသားအာဟာရဆိုင်ရာ မဟာဗျူဟာနှင့် ပတ်သက်၍ ဝန်ကြီးဌာနများ အကြား ညှိနှိုင်းအစည်းအဝေးမှာ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အနေနဲ့ တာဝန်ခံ ဝန်ကြီးဌာနအဖြစ် ဆောင်ရွက်ရန်နဲ့ အာဟာရနှင့် နီးနွယ် ဆက်စပ်နေသော ဝန်ကြီးဌာနများနဲ့ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်ရန်၊

အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ ပြည်သူရဲ့အသံကို နားထောင်၍ အမှန်တကယ်လိုအပ်ပြီး လက်တွေ့ကျတဲ့ လုပ်ငန်းများကိုသာ ဆောင်ရွက်ရန်၊ ရှေ့လုပ်ငန်းစဉ်များချမှတ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး နှီးနွှယ်ဌာနများနဲ့ အစည်းအဝေးများ ပြုလုပ်ပြီး ညှိနှိုင်းဆောင်ရွက်သွားရန် စသဖြင့် လမ်းညွှန်ချက်များ ရှိခဲ့ပါတယ်။

၃။ အဆိုပါလမ်းညွှန်ချက်များအရ အာဟာရဖွံ့ဖြိုးရေးနှင့်သုတေသန ဌာနခွဲ အနေနှင့် ဆက်စပ်ဝန်ကြီးဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်ပမှပညာရှင်များ၏ အကြံပြုချက်များရယူကာ ကုန်ကျစရိတ်များ ခန့်မှန်းတွက်ချက်ပြီးစီးသော ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသား အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ငါးနှစ်စီမံကိန်း (၂၀၁၈/၂၀၁၉-၂၀၂၂/၂၀၂၃) ကို ရေးဆွဲနိုင်ခဲ့ကြပါတယ်။ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာဖြင့် မြန်မာနိုင်ငံ အာဟာရဖွံ့ဖြိုးမှုမြှင့်တင်ရေး အမျိုးသားအဆင့် ဦးဆောင် ကော်မတီအား ဖွဲ့စည်းပေးခဲ့ပြီး ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ၂၀၁၈ခုနှစ် နိုဝင်ဘာလတွင် ရန်ကုန်မြို့၌ ကျင်းပခဲ့ကြပါတယ်။

အဆိုပါအစည်းအဝေး၏ အကြံပြုချက်များအရ ကဏ္ဍပေါင်းစုံ ပါဝင်သော အမျိုးသားအာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ငါးနှစ်စီမံကိန်း၏ ပထမနှစ်အတွင်း စတင်အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ ဦးစားပေးတိုင်းဒေသကြီး/ပြည်နယ်များကို ရွေးချယ် သတ်မှတ်ရာတွင် ၂၀၁၇-၂၀၁၈ ခုနှစ်က ကောက်ယူ ပြီးစီးခဲ့သော မြန်မာနိုင်ငံ အဏုအာဟာရနှင့် အစာစားသုံးမှုအခြေအနေလေ့လာရေး စစ်တမ်းကို အခြေခံကာ ပြန်လည်ရွေးချယ်သတ်မှတ်သင့်ကြောင်း၊ မြန်မာနိုင်ငံအာဟာ ရဖွံ့ဖြိုးမှုမြှင့်တင်ရေး အမျိုးသားအဆင့် လုပ်ငန်းကော်မတီနှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်အာဟာရဖွံ့ဖြိုးမှုမြှင့်တင်ရေးကော်မတီများ ဆက်လက်ဖွဲ့စည်းဆောင်ရွက်သွားရန် လမ်းညွှန်မှုများ ရရှိခဲ့ပါတယ်။

အဆိုပါလမ်းညွှန်ချက်များအရ စီမံကိန်း၏ ပထမနှစ်တွင် ဆောင်ရွက်မည့် တိုင်းဒေသကြီး/ပြည်နယ်များကို အာဟာရအခြေအနေများအပေါ်မူတည်၍ ရွေးချယ်ခဲ့ရာ ချင်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့ကို ဦးစားပေးဆောင်ရွက်ရမည့် တိုင်းဒေသကြီး/ပြည်နယ်များအဖြစ် ရွေးချယ်ခဲ့ကြပါတယ်။

၄။ ၂၀၁၇-၂၀၁၈ ခုနှစ်က ကောက်ယူ ပြီးစီးခဲ့သော မြန်မာနိုင်ငံ အဏုအာဟာရနှင့် အစာစားသုံးမှုအခြေအနေလေ့လာရေး စစ်တမ်းအရ ကယားပြည်နယ်သည် အစာအုပ်စု စုံလင်စွာစားသုံးမှု (၄၇) ရာခိုင်နှုန်း၊ ငါးနှစ်အောက်ကလေး အရပ်ပုနှုန်း (၂၈.၁)ရာခိုင်နှုန်း၊ ပျိုဖော်ဝင်မိန်းကလေးများတွင် အရပ်ပုနှုန်း (၂၂.၄)ရာခိုင်နှုန်း၊ ငါးနှစ်အောက်ကလေးများတွင် သွေးအားနည်းခြင်း (၂၄.၃)ရာခိုင်နှုန်း၊ ကိုယ်ဝန်ဆောင်မိခင်များတွင် သွေးအားနည်းခြင်း (၂၀.၉)ရာခိုင်နှုန်း ရှိတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် ပြည်နယ်အတွင်း နေထိုင်ကြတဲ့ ပြည်သူများရဲ့ အာဟာရပြဿနာများကို လျော့ချရန်အတွက် ကဏ္ဍပေါင်းစုံပါဝင်သော အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ငါးနှစ်စီမံကိန်းကို ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

၅။ ကယားပြည်နယ်အစိုးရအနေဖြင့် နိုင်ငံတော်အစိုးရ၏ မူဝါဒနဲ့အညီ ပြည်နယ်အတွင်း ကျန်းမာရေးနဲ့ ပညာရေးကဏ္ဍများ၊ လူမှုစီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိပါတယ်။ ကျန်းမာရေးကဏ္ဍအနေဖြင့် မြို့ပြနဲ့ ကျေးလက် ကျန်းမာရေး စောင့်ရှောက်မှုမှာ ကြီးမားတဲ့ ကွာဟမှုမရှိအောင် ဆောင်ရွက်လျက် ရှိပါတယ်။

နိုင်ငံတော်သမ္မတရုံးရဲ့ အမိန့်ကြေငြာစာအမှတ် ၁၀၈/၂၀၁၉အရ ပြည်နယ်အဆင့် အာဟာရဖွံ့ဖြိုးမှုမြှင့်တင်ရေးကော်မတီကို ဖွဲ့စည်းပေးခဲ့ ပါတယ်။ ကော်မတီမှာဆိုရင် ပြည်နယ်ဝန်ကြီးချုပ်က နာယက၊ လူမှုရေးဝန်ကြီးက ဥက္ကဋ္ဌ၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးမှ အတွင်းရေးမှူး၊ ဆက်စပ်ဌာနများနဲ့ အဖွဲ့အစည်းများကို အဖွဲ့ဝင်အဖြစ် ဖွဲ့စည်းထားပါတယ်။ ဒါကြောင့် ပြည်နယ်အစိုးရအဖွဲ့မှ ဦးဆောင်ပြီး ကယားပြည်နယ်အတွင်း အာဟာရဖွံ့ဖြိုးတိုးတက်ရေးကို ဌာနပေါင်းစုံ ပါဝင်ပြီး ဆောင်ရွက်သွားကြ ရမှာဖြစ်ပါတယ်။

၆။ ပြည်သူများရဲ့ အာဟာရဖွံ့ဖြိုးတိုးတက်စေရန်အတွက် အဓိကသက်ဆိုင် တဲ့ ဌာနများဖြစ်သော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဌာန၊ စိုက်ပျိုးရေးဌာန၊ မွေးမြူရေးနဲ့ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ပညာရေးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ဘေးအန္တရာယ်လျှော့ချရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အာဟာရနှင့်ပတ်သက်၍ ဆောင်ရွက်နေသော ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများမှ ငါးနှစ်စီမံကိန်းကို ရေးဆွဲသွားကြရမှာ ဖြစ်ပါတယ်။ အဆိုပါလုပ်ငန်းများကို အခြားဌာနများမှ လည်း ကူညီပံ့ပိုးဆောင်ရွက်သွားကြဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ ပြည်နယ်အစိုးရအဖွဲ့အစည်းမှလည်း လိုအပ်ချက်များကို လမ်းညွှန်ခြင်း၊ ကူညီထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

၇။ ဒီစီမံကိန်းကြီးရဲ့ ရည်မှန်းချက်တွေဖြစ်တဲ့ အရပ်ပုန္နိမ်းလျှော့ချရေး၊ လတ်တလောအာဟာရချို့တဲ့မှု လျှော့ချရေး၊ မွေးစကလေးပေါင်မပြည့်မှု လျှော့ချရေး၊ ငါးနှစ်အောက်ကလေးနဲ့ အမျိုးသမီးများတွင် သွေးအားနည်းမှု လျှော့ချရေးနဲ့ အိုင်အိုဒင်းဓါတ်ချို့တဲ့မှု ပပျောက်ရေးတို့ကို ပြည့်ဝစွာ အကောင်အထည်ဖော်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

အာဟာရပြဿနာ တွေ လျော့နည်းကြမှသာ ဉာဏ်ရည်ဖွံ့ဖြိုးပြီး ကျန်းမာတဲ့ မျိုးဆက်သစ် လူငယ်များ တိုးတက်များပြားလာမှာ ဖြစ်ပါတယ်။ လူတိုင်းကျန်းမာ ကြမှသာ လူမှုစီးပွားရေးကဏ္ဍများဟာလည်း တိုးတက် ဖွံ့ဖြိုး လာမှာ ဖြစ်ပါတယ်။

၈။ နိဂုံးချုပ်အနေဖြင့် ကဏ္ဍပေါင်းစုံ ပါဝင်သော အမျိုးသားအာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ ငါးနှစ်စီမံကိန်းရဲ့ ရည်မှန်းချက်များ၊ လမ်းညွှန်ချက်များနှင့် အညီ ကယားပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ပြည်နယ်အတွက် စီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သွားကြပါမယ်။ ကယားပြည်နယ်အတွင်းမှာ နေထိုင်ကြတဲ့ ပြည်သူများရဲ့အာဟာရပြဿနာ များလျော့ချရေးအတွက် ဌာနဆိုင်ရာများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်း များ၊ လူမှုရေးအဖွဲ့အစည်းများ နဲ့ ပြည်သူလူထုတစ်ရပ်လုံးမှ ပူးပေါင်း ဆောင်ရွက် ကြပါလို့ ပြောကြားရင်းနိဂုံးချုပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ရှိပါတယ်။